သာသနာ ... ပြန်... ဦးလှဘောင်း ... လှူဒါန်းပါသည်။

## နိဒါန်း

### မြန်မာနိုင်ငံတော်နှင့် မြန်မာပိဋကတ်တော်

မြန်မာနိုင်ငံတော်၌ မြန်မာပိဋကတ်တော်များ၏အတိုင် ဖြစ်စဉ် ဂန္ထဝင်ကို ပြန်လှန် သုံးသပ်ရသော် မြန်မာနိုင်ငံတော် သာသနာပြုမင်းများနှင့် အဆက်ဆက်သော မြန်မာတိုင်းသွားဆရာတော်ဘုရားကြီးများ၏ မြန်မာပြန်ဆိုချက်များကို ခေတ် အားလျော်စွာ ချီးကျူးကုန်နိုင် ဘွယ်ရာ မရှိပါ။

အထူးအားဖြင့် ထိုဆရာတော်ဘုရားကြီးများ၏ မြန်မာပြန်ဆိုချက်များကို မှတည်ခါ လယ်တီဆရာတော်ဘုရားကြီးကိုအရှုးထား၍ ဆရာကြီးဦးမြို့ ကတိုးကောနှုပ်သူဌေး ဦးရွှေလှေး စသော ပုဂ္ဂိုလ်ကြီး များ၏ မြန်မာပိဋကတ်တော် အကြောင်းကိုထ ည့်ရေးသင့်လှသည်ဟု ကျွန်တော်များ ထင်မိပါသည်။

ကျွန်တော်များ မှတ်သားမိသလောက် ဆရာကြီးဦးမြို့သည် လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ မော်လမြိုင်မြို့ ကတိုးကောနှုပ်သူဌေး ဦးရွှေလှေး၏ ပစ္စည်းထောက်ပံ့မှုဖြင့် ပါဠိပိဋကတ်တော်များကို ကြီးစွာသော ဇွဲလုံ့လဖြင့် မြန်မာဘာသာသက်သက်ဖြင့်ပြန်ဆို၍ မြန်မာပိဋကတ်တော်တစုံဖြစ်မြောက်ရေးကိုကြိုးပမ်းခဲ့ပါသည်၊

ထိုသို့ ပြန်ဆိုရေးသားရာ၌ ကြီးစွာသော ဇွဲလုံ့လတို့ဖြင့် ဘာသာ ပြန်ဆိုမှု၌သာ ကြိုးစား ကြရသည် မဟုတ်၊

အမှတ် ၅၁၃၃
ရက်စွဲ......
၃၀၂
ဘ

## နိဒါန်း

ပိဋကတ်သုံးပုံပါဠိတော်များကို ရှေးခေ[illegible] ပါဠိတော်[illegible] အနက်တချက် ပြ[illegible] ယဉ်ရား၍ မြန်[illegible] ဝိဘတ်သက်ဖြင့် ပြန်ဆိုရေးသားသည် ရှိ[illegible]သော် နေ[illegible] [illegible]သားတို့သည် ဗုဒ္ဓဟောတော်မူရင်း ပါဠိဘာသာ [illegible] ကျောင်းမှု ဆုတ်ယုတ်ကုန်ရသည် ဟု အယူ[illegible]တော် [illegible]သော အချို့သောရဟန်းရှင်လူပညာရှိအပေါင်းတို့၏ အကန့် အကွက် အနှောက် အယှက် ဘေးကြီး မှယည်း ကျော်လွှားရန် ကြိုးစားခဲ့ကြရပါသည်။

ထိုကဲ့သို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံယူ၍ ကြိုးစားတော်မူခဲ့ကြသော ထိုပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးတော်ကြောင့် ပါဠိဘာသာကိုလေ့လာခွင့်မရခဲ့ကြရသောကျွန်တော်များသည် ဘုရားဟောတော်မူရင်း ပိဋကတ်တော်များကို ဘာသာပြန်ရှု လည်ခွင့် ရကြသဖြင့် ပိဋကတ်တော် စာပေ၏ အဓိပ္ပါယ်များသည် အလွန်ပင် ထူးခြားသော အရသာ ထူးများကို ခံစားနိုင်ကြောင်း လက်တွေ့ ယုံကြည် သိရှိခဲ့ကြရပါသည်။

ကျွန်တော်များသည်ပိဋကတ်တော်၏ အရသာများကို ခံစားကြရသောအခါ ကျွန်တော်များကဲ့သို့ ပါဠိဘာသာ လေ့လာခွင့်မရခဲ့ကြသော သူ့အပေါင်းတို့အား ပိဋကတ်တော်၏ အရသာထူးများကို ကျွေးမွေးလိုစိတ်များ ပိဋကတ်အရသာဖြင့် လောကွတ်ပြုလိုစိတ်များ တဖွားဖွား ပေါ်ထွက်လာခဲ့ကြပါသည်။

ထိုစိတ်ဆန္ဒများအရ ကျွန်တော်များ ဘာသာရှုလည် သိနိုင်ခွင့် ရခဲ့သော်လည်း ဆရာကြီး ဦးမြို့၏ မြန်မာပိဋကတ် များသည် ပါဠိတော်အတိုင်း ဝါကျအနေအထား မပျက်ရ အောင် တိုက်ရိုက်ဘာသာပြန်ဆိုထားသဖြင့် ထိုစာအုပ်များဖြင့် ကျွန်တော်များ ရရှိသော အရသာထူးကို ကျွေးမွေးလိုသော ပုဂ္ဂိုလ်တိုင်း စားသုံးနိုင်ရန် ခဲခက်လျက် ရှိပါသည်။

ထို့ကြောင့် ကျွန်တော်များသည် ပိဋကတ်တော်များကို မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ အလွယ် အောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်းဟု ကြံစည်ကြပြီး လျှင် ပိဋကတ်တတ် ပုဂ္ဂိုလ်များထံ ဘုရားဟောတော်မူရင်း သုတ်တခုခုကို မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား များ နားလည်ခွင့်ရအောင် နမူနာအဖြစ် ပြန်ဆိုရေးသား ပေးပို့တော်မူကြပါရန် တောင်းပန်ခဲ့ကြပါသည်။

ထိုသို့ တောင်းပန်နေဆဲ အတွင်းမှာပင် မန္တလေးမြို့ အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာ ဘိဝံသ မထေရ်ထံမှ ဒီဃနိကာယ် -သုတ်သီလက္ခန်ပါဠိ တော် ဗြဟ္မဇာလသုတ် မြန်မာပြန်ဆိုပြီးသား မူတမူကို ရရှိခဲ့ကြပါသည်။ ထိုမူမှာ အမှန်အားဖြင့် ဗုဒ္ဓသာသနာ့ ဖြန့်ချိရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘတင်၏ တောင်းပန် ချက်အရ ရေးသားထားတော်မူသော စာမူဖြစ်ပါသည်။

### ဗြဟ္မဇာလသုတ်

ဗြဟ္မဇာလသုတ်သည်, နိကာယ်ငါးရပ်တွင် ဒီဃ နိကာယ်, ပိဋကတ်သုံးပုံတွင် သုတ္တန်ပိဋကတ်, သုတ္တန်ပိဋ ကတ်တွင် အစရှိသော သုတ်ဖြစ်ပါသည်။

ထိုအစစ္စာသော သုတ်တော်မြတ်ကို ကြည့်ရှုလေ့လာ တော်မူကြသော အမျိုးသား အမျိုးသမီးတို့သည် အကယ်၍ သိရှိနားလည်ခွင့် ရကြပါကနုန်ဝြားအုံ ကြွင်းကျန်သော ဒီဃနိကာယ် မဇ္ဈိမနိကာယ် သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်တည်း ဟူသော သုတ္တန်ပိဋကတ်တော် အားလုံးကို ဆက်လက်၍ ကြည့်ရှုလေ့လာ သိရှိနားလည်နိုင်မည့် အပြင် ဗုဒ္ဓ၏ဝါဒ ဗုဒ္ဓ၏ ဉာဏ်တော်များကို မျှော်မှန်းခါ ကြည်ညိုနိုင်လိမ့်မည် ဟု ကျွန်တော်များ ထင်မြင်သဘော ရကြပါသည်။

စာမိုးသပိချက်

ဤဗြဟ္မဇာလသုတ် မြန်မာပြန်ကို ကျွန်တော်များသည် ကျောက်ပုံနှိပ်၍ စာပေဝါသနာပါသောပုဂ္ဂိုလ် အသီးသီးထံ ပေးပို့၍ ဤမြန်မာပြန်ဆို နည်းသည် ပိဋကတ်တော်ကို ဘတ်ရှုလိုသူများ နားလည်နိုင်ခွင့် ရနိုင် မရနိုင်ဝေဘန်ကြရန် တင်ပြခဲ့ကြပါသည်၊ ထိုပုဂ္ဂိုလ်များက ဤပြန်ဆိုနည်းသည် မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ဘာသာရေး စာပေဝါသနာပါသူများအား ပိဋကတ်တော်၏ အရသာများကို ခံစားနိုင်ခွင့်ရကြလိမ့်မည် ဟု ထောက်ခံအားပေး ခဲ့ကြပါသည်။

ပိဋကအရသာ

ထိုသို့ပိဋကတ်တော်များကို မြန်မာပြန်ဆို၍ မြန်မာပိဋကတ်တော် တရုံဖြစ်ပေါ်ရေးကို ကြိုးစားနေဆဲအချိန်၌ပင် ဘာသာပြန်လိုသော ပုဂ္ဂိုလ်များ နမူနာ ရစေခြင်းငှါလည်းကောင်း



ပိဋကတ်တော် အရသာများကို အနေးတကြီး စားသုံးလိုသော ပုဂ္ဂိုလ်တို့၏ ဆန္ဒ ပြည့်ဝစေခြင်းငှါလည်းကောင်း ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဘာသာပြန်ဆိုပြီး ဗြဟ္မဇာလသုတ် တခုထည်းကိုပင် ဆောလျင်စွာ နမူနာစံပြ အဖြစ်ဖြင့် ပုံနှိပ် ထုတ်ဝေရပါကြောင်း။

မကြာမီ နောက်ထပ်ဆရာတော်ထံမှ , သာမညဖလသုတ်, အမ္ဗဋ္ဌသုတ်, များကိုလည်း ပြန်ဆို ချီးမြှင့်ဦးမည်ဟု ကတိ ရရှိပြီးသည့် အလျောက် ဆက်လက် ထုတ်ဝေရန် စီစဉ် ထားပါသည်။ ၈၄၂ ၈-၁-၅၇

အကြံဉာဏ်များပေးကြပါရန်

ဤဗြဟ္မဇာလသုတ်ကို ဘတ်ရှုပြီးသောအခါ, ပိဋကတ်တော်များကို ဤသို့ ပြန်ဆိုရာ၌ ယခုထက် ကောင်းအောင် မည်ကဲ့သို့ လုပ်သင့်သည်၊ မည်ကဲ့သို့ အကူအညီပေးနိုင်မည် စသည်ဖြင့် အကူအညီအကြံဉာဏ်များကို ဗိုင်-အမ်-ဘီ-အေ အသင်းကြီးသို့ ပေးကြစေလိုပါသည်။

ကျွန်တော်တို့သည် ဤ နမူနာကို ပိဋကတ်တတ်ပုဂ္ဂိုလ် အချို့ထံသို့ ပေးပို့ပြီးလျှင် ယခုပြန်ဆိုနည်းထက် ကောင်းအောင်, သို့မဟုတ် ထိုနည်းတူ ပြန်ဆိုနိုင်သူများ ရှိပါက, ကူညီ အားပေးကြပါရန် အကူအညီ တောင်းဆိုခဲ့ဘူးပါပြီ၊ ယခုအခါ ဒုတိယအကြိမ်မြောက် ပါဠိမြန်မာ ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်များသည် မြန်မာပိဋကတ် တဆူဖြစ်မြောက်ရေးကို အားပေးသော အနေဖြင့် မိမိတို့၏

ငွမ်းအားကို ပြု၍ နမူနာအဖြစ် သုတ်တသုတ်စီ ဘာသာပြန်ဆို ရေးသားပေးပို့တော်မူကြပါရန် ရဟန်း,ရှင်,လူ ပညာရှိ အပေါင်းအား အထူးတောင်းပန်အပ်ပါသည်။

ပိဋကတ်တော်ပြန်ဆိုရာတွင် နှစ်ဦးနှစ်ဘက် သဘောနှစ်သက်ပါက, လုံလောက်သော ညှာတာပူဇော်မှုကိုလည်း ထောက်ပံ့မည် ဖြစ်ပါကြောင်း။

ထိန်ဝင်း၊
ပိဋကတော်ပြန့်ပွားရေးအဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း
(ဗိုင်-အမ်-ဘီ-အေ)

# ဗြဟ္မဇာလသုတ်ညွှန်

## အကျဉ်းချုပ် သိနှင့်ဘွယ်

၁။ ရတနာသုံးပါးကို သုပ္ပိယပရိဗိုဇ်သည် ကဲ့ရဲ့၏၊ ဗြဟ္မဒတ် လုလင်သည် ချီးမွမ်း၏၊ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ သိတော်မူ၍ "ကဲ့ရဲ့ခံရသော်လည်း စိတ်မဆိုးကြနှင့်, ချီးမွမ်းခံရသော်လည်း ဝမ်းသာအားရ စိတ်မကြွကြနှင့်" ဟု ဩဝါဒပေးတော်မူသည်။

၂။ "ဗုဒ္ဓမြတ်စွာကို ပုထုဇဉ်က ချီးမွမ်းသော်သည်း သူ့ညာဏ်မှီသမျှ အောက်တန်းကျသော သီလဂုဏ်ဖြင့်သာ ချီးမွမ်းနိုင်မည်၊ အထက်တန်းဖြစ်သော သမာဓိဂုဏ်, ပညာဂုဏ်ဖြင့် မချီးမွမ်းနိုင်" ဟု မိန့်တော်မူကာ သီလသုံးမျိုး (စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ)ကို ပြတော်မူသည်၊ (ဤပြတော်မူခြင်းကား ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းမှုနှင့် စပ်၍ အဆင်သင့်သောကြောင့် ဖြစ်သည်။)

၃။ "ပုထုဇဉ်တို့ ညာဏ်မမှီနိုင်သော သဗ္ဗညုတညာဏ ဂုဏ်တော်ကြီး ရှိသေး၏၊ ထိုဂုဏ်ဖြင့် ချီးမွမ်းနိုင်မှ ဗုဒ္ဓကို အမှန်ချီးမွမ်းခံရာ ရောက်မည်" ဟု မိန့်တော်မူ၍ သဗ္ဗညုတညာဏ်တော်ကို မှန်းမြော်နိုင်ကြရာ မိစ္ဆာအယူ ၆၂ ပါးကို ခွဲခြားပြတော် မူပြန်သည်၊ ထိုမိစ္ဆာအယူ ဝါဒတို့၌ အတ္တ ဖွဲ့လမ်းမှုသည် အချုပ်အချာ ဖြစ်၏၊ ထို့ကြောင့် ထိုမိစ္ဆာဝါဒီတို့၏ အယူဝါဒကိုနားလည်လိုလျှင် အတ္တဖွဲ့လမ်းပုံကို [illegible]

အမှာ ။ ။ အရှင်မဟာကဿပ စသော ရဟန္တာငါးရာတို့ ပဌမ သံဂါယနာတင်ရာ အခါ၌ သုတ္တန်ပါဠိတော်များဝယ် ဤဗြဟ္မဇာလသုတ်တော်ကို ပဌမဆုံး သံဂါယနာ တင်တော်မူခဲ့ကြသည်။

အဘယ့်ကြောင့်နည်း။ ။ရဟန်းတော်များ၏ အခြေခံ သီလ ၃ မျိုး ပါရှိခြင်း, တိတ္ထိတို့၏ မိစ္ဆာအယူမျိုးစုံ ပါရှိခြင်း, မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် ပါရှိခြင်းအားဖြင့် အရေးကြီးသော သိဘွယ်များ ပြည့်စုံစွာ ပါရှိခြင်းကြောင့်တည်း။

ဒီဃနိကာယ်

သီလက္ခန္ဓဝဂ်

# ဗြဟ္မဇာလသုတ်တော်

## (မြန်မာဘာသာပြန်)

### ၁။ ဤသုတ်ကို ဟောနေခြင်း အကြောင်း

ဆရာတပည့် ဆန့်ကျင်ဘက် ပြောကြပုံ

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်နှင့် နာဠန္ဒမြို့ အကြားဝယ် ရဟန်းငါးရာနှင့် အတူ [1]ဒေသစာရီ ကြွချီတော်မူလေသည်၊ ထိုအခါ သုပ္ပိယပရိဗိုဇ်လည်း [2]တပည့် ဗြဟ္မဒတ္တလုလင်နှင့် အတူ ထိုခရီးကိုပင် သွားလေရာ မမြော်လင့်ဘဲ ဗုဒ္ဓမြတ်စွာနှင့် ကြုံကြိုက် နေသောကြောင့် ခပ်လှမ်းလှမ်း နောက်မှ လိုက်သွားလေသည်၊ ထိုဆရာတပည့် နှစ်ယောက်တွင် သုပ္ပိယပရိဗိုဇ်သည် (နဂိုရ်ကပင် ဗုဒ္ဓမြတ်စွာကို ငြူစူနေသူဖြစ်သောကြောင့်) ဣန္ဒြေရရ ကြွသွားတော်မူသော သံဃာတော်များနှင့် ဗုဒ္ဓမြတ်စွာကို လှမ်းမြော် ကြည့်ရှုမိလေရာ၊ (သာ၍ [3]ဣဿာ ဖြစ်လေရကား) အတွင်း၌ မျိုသိပ်၍ မထားနိုင်တော့ဘဲ ရတနာသုံးပါး၏ မဟုတ်မမှန် အပြစ်များကို အမျိုးမျိုး ပြောဆိုလေသည်၊ ဗြဟ္မဒတ္တ လုလင်ကမူ ဆရာပြောသမျှ

---

(၁) ဒေသ-အရပ်တပါးသို့၊ စာရီ-လှည့်လည်သည်။

(၂) ဗြဟ္မဒတ္တလုလင်သာမက ပရိဗိုဇ်အများလည်း ပါသေး၏။

(၃) ဣဿာ-ကိုယ့်ထက်သာ မနာလိုမှု၊ ငြူစူတတ် စောင်းချိတ်ပြောဆိုတတ်သော တရား။

ပါလျက် စကားလက်စ ရအောင် ) မေးတော် မူလေရာ, သုပ္ပိယနှင့်ဗြဟ္မဒတ္တတို့၏ ကဲ့ရဲ့ခြင်းချီးမွမ်းခြင်းကိုအထော်အထားပြု၍ တယောက်နှင့် တယောက် အလိုဆန္ဒ မတူကြပုံကို သိတော်မူသောဉာဏ်တော်၏အကြောင်းကို ပြောဆိုနေကြပါကြောင်း လျှောက်ထားကြလေသော်......ကဲ့ရဲ့ခြင်းချီးမွမ်းခြင်းနှင့်စပ်၍ ဩဝါဒပေးတော်မူသည်မှာ—

ဘိက္ခုတို့ ...... ဆန့်ကျင်ဘက်ကို လိုလားသူတို့သည် ငါဘုရား၏ အပြစ်, သို့မဟုတ် တရား၏အပြစ်, သို့မဟုတ် သံဃာ၏ အပြစ်ကို ပြောကြလျှင် ထိုပြောသူတို့ အပေါ်၌ [၁]အာဃာတ မထားကြနှင့်၊ [၂]မနှစ်သက် မကြေနပ်သော အမူအရာကို မပြုကြနှင့်၊ [၃]စိတ်မပျက်ကြနှင့်။

ဘိက္ခုတို့......ထို အပြစ်ပြောသူတို့အပေါ်၌ သင်တို့က အာဃာတ ထားကြ, မနှစ်သက် မကြေနပ်ကြ, စိတ်ပျက်နေကြလျှင်,ထိုဒေါသ ဒေါမနဿ ဖြစ်နေမှုကြောင့် သင်တို့မှာသာ ဈာန်မဂ်ဖိုလ် တရားများ၏အန္တရာယ် ဖြစ်ဘွယ်ရှိသည်။ (ဒေါသ – ဒေါမနဿ ဖြစ်နေမှုကြောင့် တရားအားထုတ်၍ မရနိုင် ဟူလို။)

ဘိက္ခုတို့......ထို အပြစ်ပြောသူတို့အပေါ်၌ သင်တို့က ဒေါသ ဒေါမနဿ ဖြစ်နေကြလျှင် စကားကောင်း စကား

(၁) မခံကြနိုင်လောက်အောင် စိတ်ဆိုးသော ရန်ငြိုးဖွဲ့သော ဒေါသ။
(၂) စိတ် မချမ်းသာသော ဒေါမနဿ။
(၃) စိတ်ပျက်နေသော ဒေါသ။



ဆိုးကိုပင် ခွဲခြား၍ သိနိုင်ကြဦးမည်လော။(မိမိက ဒေါသ ဒေါမနဿ ဖြစ်နေလျှင် ·သူ့စကားကို စဉ်းစဉ်းစားစား ဝေဘန်နိုင်ဦးမှာလား ''ဟု မေးတော်မူသည်၊ ရဟန်းများကလည်း "ဒေါသ ဒေါမနဿထွမ်းနေလျှင် သူ့စကားကို မဝေဘန်နိုင်တော့ပါဘုရား''ဟု လျှောက်ကြသည်။)

ဘိက္ခုတို့ ...... ထိုသို့ အပြစ်ပြောရာ၌ မဟုတ်ကြောင်း မမှန်ကြောင်း သူတို့ပြောအပ်သော အပြစ် မရှိကြောင်း ဖြေရှင်းရမည်၊ ("မဖြေရှင်းဘဲ ငုံ့ခံနေလျှင် ဟုတ်လို့သာ ခံနေတာဘဲ'' ဟု ယူဆဘွယ်ရှိသောကြောင့် စိတ်မဆိုးဘဲ ပြန်၍ ဖြေရှင်းရမည်ဟူလို၊ သင်ဟာ ခွေးဘဲ နွားကြီးဘဲ စသည်ဖြင့် ဆဲရေး၌မူကား ဖြေရှင်းဘွယ်မလို၊ သည်းခံရမည်သာ။)

ဘိက္ခုတို့......ရတနာသုံးပါးကို ကြည်ညိုသော နတ်လူတို့သည် ဘုရား တရား သံဃာ တို့၏ ဂုဏ်ကျေးဇူးကို ပြောကြလျှင် ထိုပြောခြင်းကြောင့် သင်တို့သည် [၁]နှစ်သက်ရွှင်ပျသောအမူအရာကိုမပြုကြနှင့်၊ [၂]ဝမ်းသာအားရသော လက္ခဏာကို မပြကြနှင့်၊ [၃] စိတ်တကြွကြွ တရွရွဖြစ်ကာ (ရေပေါ်မှာ ဗူးပေါ်သလို) မပေါ်လွင်ချင်ကြနှင့်။

ဘိက္ခုတို့...... သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့သည် နှစ်သက်

(၁) နှစ်သက်မှု ပီတိ။
(၂) စိတ်ချမ်းသာမှု သောမနဿ။
(၃) ကလေးများပျော်သလို စိတ်ကြွနေသော ပီတိ တမျိုး။

ပညတ်ကြကုန်သနည်း–ဟု မေးဘွယ် ရှိ၏၊ ဘိက္ခုတို့…… ဤလောက၌ အချို့သော သမဏ ( သို့မဟုတ် ဗြာဟ္မဏ ) သည် ကြံစည်လေ့ စဉ်းစား နှိုင်းချိန်လေ့ ရှိ၏၊ သူသည် ကြံစည်အပ် စဉ်းစား နှိုင်းချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ ပြောပြ၏၊ ( ပြောပြ ပုံကား ) – အတ္တသည်ရင်း လောကသည်ရင်း မြဲ၏၊ အမြဲမနှင့် တူ၏၊ တောင်ထွဋ်ကဲ့သို့ တည်တန့်၏၊ ခိုင်မြဲစွာ စိုက်ထား အပ်သော တံခါးတိုင်ကဲ့သို့ တည်တန့်၏၊ ထိုသတ္တဝါတို့သည်ကား တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်ကြရ , စုတေကြရ , ပဋိသန္ဓေနေကြရသည်၊ မြဲကြီး မြဲမိရိတောင် လနေတို့နှင့် တူစွာ အခါခပ်သိမ်း ထင်ရှားရှိသော အတ္တကား အမှန်ရှိ

မဟုတ်၊ ကြံစည်စဉ်းစား နှိုင်းချိန်မှုကြောင့် သဿတ အယူဝါဒ ရှိသူတည်း၊ ထို တက္ကီပုဂ္ဂိုလ်လည်း လေးမျိုးရှိပြန်၏၊ ၁– ဇာတ်တော်များကို ကြားနာကြည့်ရှုသည့်အခါ " ဝေဿန္တရာမင်းသည် ဘုရားဖြစ်လာ၏" စသော စကားကို ကောက်ချက်ချ၍ "ဝေဿန္တရာ၏ခန္ဓာကိုယ်ကြီး ပျက်စီးခဲ့သော်လည်း အတ္တကား မပျက်စီးဘဲ ဘုရားဖြစ်ရသည်" ဟု ကြံစည်နှိုင်းချိန်၍ " အတ္တသည် မြဲ၏"ဟု ယူဆလေသည်၊ ၂–ဘ်အား လျော်စွာ နှစ်ဘဝ သုံးဘဝလောက်ကို ပြန်၍ သိနိုင်သူလည်း ထိုအတိုင်း ကြံစည်၍ သဿတ အယူကို ယူ၏၊ ၃ – ယခုဘဝ၌ သုခ ဒုက္ခကို ခံစားရသူသည်း"ရှေးတုန်းကလဲ ဒီလိုဘဲ ခံစားရ, နောက်လဲ ဒီလိုခံစားရမှာဘဲ " ဟု ကြံစည်၍ သဿတအယူကို ယူ၏၊ ၄–အတ္တသည် မြဲသောကြောင့်သာ မိမိပြုသောကံ၏အကျိုးကို မိမိခံစားရသည်၊ မမြဲလျှင် ကံပြုသူက တခြား ခံစားသူက တခြား ဖြစ်မှာဘဲ ဟု ကြံစည် နှိုင်းချိန်ခြင်းကြောင့်လည်း သဿတအယူဝါဒ ဖြစ်ပေါ်လာရသည်၊ ဤသို့ တက္ကီပုဂ္ဂိုလ်လေးမျိုး ကွဲပြားပြန်လေသည်။



ပေသည်၊ ဤသို့ ပြောပြလေသည်၊……ဘိက္ခုတို့…… ဤသို့ ကြံစည် နှိုင်းချိန်ခြင်းသည် သဿတ အယူဝါဒ ဖြစ်ဘို့ရန် အကြောင်း တမျိုးပင်တည်း၊ ဘိက္ခုတို့ …… သဿတ အယူဝါဒရှိသူတို့သည် ဤပြခဲ့သော အကြောင်းလေးမျိုးတို့ဖြင့် အတ္တကိုရင်း လောကကိုရင်း မြဲ၏ ဟု ပညတ်ကြလေသည်၊ ဘိက္ခုတို့…… သဿတ အယူဝါဒရှိကြသော သမဏ ဗြာဟ္မဏ ဟူသမျှတို့သည် ဤ လေးမျိုးလုံးသော အကြောင်းတို့ဖြင့် ဖြစ်စေ ( လေးမျိုးထည်းတွင် ) တမျိုး နှစ်မျိုး သုံးမျိုးသော အကြောင်းတို့ဖြင့် ဖြစ်စေ သဿတ အယူဝါဒကို ပညတ်ထားကြလေသည်၊ ထို အကြောင်း လေးမျိုး အပြင် ( သဿတ ဝါဒ ဖြစ်ပေါ်လာဘို့ရန် ) အကြောင်းတမျိုး မရှိတော့ချေ။

သစ္စညုတ ဥဒါန်းတော် ပြချက်

ဘိက္ခုတို့ …… မြတ်စွာဘုရားသည် ထို လေးမျိုးသော မိစ္ဆာ အယူကို အမျိုးမျိုး အစားစား သိတော်မူ၏၊ (သိတော်မူပုံကား)–ဤမိစ္ဆာအယူတို့သည်"အတ္တလောကသည် မြဲ၏ " ဟု ဤသို့ ယူထားလျှင် ဤသို့ အဘန်ဘန် သုံးသပ်ထားလျှင် "( ငရဲ တိရစ္ဆာန် ပြိတ္တာဂတိတို့တွင်) ဤမည်သော ဂတိသို့ ရောက်ကြရလိမ့်မည်, ဤမည်သော တမလွန်ဘဝ ရှိကြလိမ့်မည်"ဟု သိတော်မူသည်။ [ ထို မိစ္ဆာအယူကို သည့်လိုယူလျှင် ငရဲကျမည် , သည့်လိုယူလျှင် တိရစ္ဆာန်ဖြစ်မည် သည့်လိုယူလျှင် ပြိတ္တာဖြစ်မည် ဟု ယူပုံနှင့် ဆက်စပ်၍ ရောက်ရမည့်ဘဝကို သိတော်မူသည်–ဟူလို၊ ]မြတ်စွာဘုရားသည် အကြောင်းနှင့် တကွ

**မိစ္ဆာဝါဒ ၆၂-ပါးလုံး၏နိဂုံး**

ဘိက္ခုတို့……ရှေးအတိတ် အကြောင်း အရာရကို ကြံစည်တတ်ကုန်, ရှေး အတိတ် အကြောင်းအရာရသို့ အစဉ် လိုက်၍ မိစ္ဆာ အယူကို ယူတတ် ကုန်သော သမဏ ဗြာဟ္မဏ– နောင်အနာဂတ် အကြောင်းအရာ ရကို ကြံစည် တတ်ကုန်, နောက်အနာဂတ် အကြောင်းအရာရသို့ အစဉ် လိုက်၍ မိစ္ဆာ အယူကို ယူတတ် ကုန်သော သမဏ ဗြာဟ္မဏ – အတိတ်အနာဂတ် အကြောင်းအရာ နှစ်မျိုး လုံးကို ကြံစည်တတ်ကုန်, အတိတ်အနာဂတ် အကြောင်း အရာ နှစ်မျိုးလုံးသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ် ကုန်သော သမဏဗြာဟ္မဏတို့သည် အတိတ်အကြောင်း, အနာဂတ်အကြောင်း, အတိတ် အနာဂတ် အကြောင်းကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဘို့ရန် အခြေခံစကား အမျိုးမျိုး တို့ကို ဤပြခဲ့သော အကြောင်း ၆၂ မျိုးတို့ဖြင့် ခွဲခြား ပြောဆိုကြ လေသည်၊ မိစ္ဆာအယူ ရှိသူ ဟူသမျှတို့သည် ဤ ၆၂ မျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ, ထို ၆၂ မျိုးတွင် တပါးပါးသော အကြောင်းဖြင့် ဖြစ်စေ, ပြောဆိုကြရ သည်၊ *ဤ ၆၂ မျိုးအပြင် မိစ္ဆာအယူဖြစ်ဘို့ရန် အကြောင်း တမျိုး မရှိတော့ပြီ။

---

* မိစ္ဆာအယူ ၆၂ ကား-ပုဗ္ဗန္တကပ္ပိက ၁၈ ၊ အပရန္တကပ္ပိက ၄၄ တည်း၊ အကျယ်ကို ရှေ့၌ ကြည့်၍ တွက်လေ၊ ဤ ၆၂ မျိုးတွင် ဥစ္ဆေဒဒိဋ္ဌိ ၇ မျိုးသာပါ၏၊ ကျန်အားလုံးမှာ သဿတ ဒိဋ္ဌိချည်း သာတည်း။



**သဗ္ဗညုတ ဉာဏ်တော်ပြခန်း**

ဘိက္ခုတို့…… မြတ်စွာဘုရားသည် ထို ၆၂ မျိုးသော မိစ္ဆာအယူကို အမျိုးမျိုး အစားစား သိတော်မူ၏၊ (သိတော်မူပုံ ကား) "ဤမိစ္ဆာအယူတို့သည် (အတ္တလောကသည် မြဲ၏-စသည်ဖြင့်) ဤသို့ ယူထားလျှင် ဤသို့အဘန်ဘန် သုံးသပ် ထားလျှင် (ငရဲ တိရစ္ဆာန် ပြိတ္တာဂတိတို့တွင်) ဤမည်သော ဂတိတို့ရောက်ကြရလိမ့်မည်၊ ဤမည်သော တမလွန်ဘဝ ရှိကြရလိမ့်မည်" ဟု သိတော်မူသည်၊ မြတ်စွာဘုရား သည် အကြောင်းနှင့်တကွ လားရာဂတိနှင့် တကွသော ထိုမိစ္ဆာ အယူကိုလည်း သိတော်မူ၏၊ ထို့ထက် အလွန် ဖြစ်သော သီလ သမာဓိ သဗ္ဗညုတဉာဏ်ပညာကိုလည်း သိတော်မူ၏၊ ထိုသို့ သိပါသော်လည်း ထို အသိကိုပင် တဏှာ မာန ဒိဋ္ဌိအားဖြင့် အမှားသုံးသပ်တော်မမူ၊ ထို့သို့ အမှား သုံးသပ်တော် မမူခြင်းကြောင့်လည်း ထို အမှား သုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိတို့၏ (ကိုယ်တော့် သန္တာန်၌) ငြိမ်းမှု နိဗ္ဗာန်ကို ကိုယ်တော်ဘိုင်ပင် သိရပေ သည်။ [အဓိပ္ပါယ်ကို သဿတဝါဒ အဆုံး၌ ပြခဲ့ပြီ။]

**ဝေဒနာကမ္မဋ္ဌာန်း**

ဘိက္ခုတို့ ……[1] မြတ်စွာ ဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်း ဖြစ်ခြင်းကို ၎င်း, သာယာအပ်သော သဘောကို၎င်း, အပြစ်ကို၎င်း, လွတ်မြောက်ခြင်းကို၎င်း, ဟုတ်တိုင်း မှန်စွာ သိတော်မူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ကိလေသာတို့မှ လွတ်တော် မူပြီ။

ချေ၊ ထို့ပြင်-မိစ္ဆာအယူကို စွဲလွင်၍ ယူသူ အများတွင် ဖြုပ္ပာ့ ပြည်တော်ပြန်တွေ အများအပြား ပါဝင်နေရကား သူတို့ သည်ပင် ကမ္ဘာ လောကဒွ် သံဆူးတွေ ဖြန့်ထား သကဲ့သို့ မိစ္ဆာဝါဒတွေကို အနှံ့အပြား ဖြန့်ထားခဲ့ကြ၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် (မစင်ဟူသမျှ ဝက်သား ကြက်သား မစင်ဖြစ်စေကာမူ မချီးမွမ်းနိုင်သကဲ့သို့) ဘဝ ဟူသမျှကိုလည်း ဖြုပ္ပာဘဝ ဖြစ်စေကာမူ ချီးမွမ်းတော် မမူဘဲ ဘဝအားလုံး ကုန်ဆုံးမှုကိုသာ ချီးမွမ်းတော်မူကာ ကိုယ်တော်မြတ် အတွက်မှာမူ အရင်းခံ တဏှာပြတ်ပြီး ဖြစ်၍ ဘဝအားလုံး ကုန်ဆုံးပြီး ဖြစ်ကြောင်းကို မိန့်တော် မူပါပေသည်။

> ဘဝေစါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊
> ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိံ စ န ဥပါဒိယိံ။

အဟံ- သင်လိုထဝ်တွ , နတ်လူဖြုပ္ပာ, သတ္တဝါတို့၏, ဆရာစင်စစ် , ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ- ဖြစ်လျှင် ပျက်မြဲ,မလွဲတံထွာ,သံသရာနှောင်တွင်း,ထောင် အကျဉ်း၌၊ ဘယံ- အိုနာ သေရေး , ဒုက္ခဘေးမှ , စ၍ ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာဝေ-ကောင်း ဝ ာပိုင်နှင်း, သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဉ္စ, လူ့ဘုမရူပ, အရူပ ဟု, လောကသုံးဘုံ , အလုံးစုံကိုရှင်း၊ သဘ်ားဝသိနံ-ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာဘဝ, အခြေလည် ရသည့် , များလှ သောင်းသောင်း , သတ္တဝါ ကြောင်းကိုရှင်း၊ ဒိသွာ-ဆုံးစကုန်စင်,သိမြင်တော်မူသည်



ဖြစ်၍၊ ကိဉ္စိဘဝံ-လူ့ဘုံ နတ်ဘုံ , ဖြုပ္ပာ့ဘုံ ဟု , သုံးဘုံ ဌာန, တစုံတခုသော ဘဝကို၊ နာဘိဝဒိံ-ရုံရုံ မက်မက်, နှစ်သက် ခင်မင်, လိုချင် တောင့်တတော် မမူပေ၊ နန္ဒိံ စ- လူ့ဘုံ နတ်ဘုံ , ဖြုပ္ပာ့ဘုံဝယ်, ရုံရုံ မက်မက် , နှစ်သက် တွယ်တာ, ဘဝတဏှာ ကိုလည်း၊ န ဥပါဒိယိံ - စွဲလမ်း လွှတ်က[illegible]း,အမြစ်ရင်းက, အလျှင်းပြတ်စေ,ဖြတ်တောက် တော်မူခဲ့ပေသတည်း။ [မူလပဏ္ဏာသ, ဖြုပ္ပနိမန္တနသုတ်။]

အချုပ်မှာ-ဘဝများစွာ၌ တွေ့ရသော ဒုက္ခဟူသမျှသည် တဏှာ တည်းဟူသော အညှာသာ အရင်းခံဖြစ်ရကား တဏှာမပြတ်နိုင်သမျှ ဒုက္ခ မပြတ်နိုင်ရကား လက်ရှိ တဏှာကိုသာ အကြွင်းမဲ့ ပြတ်အောင် ဖြတ်ဘို့ အရေးကြီးလှ ပေသည်၊ ထို တဏှာ ပြတ်ကြောင်း တရား ကောင်းများလည်း သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စသည်ဖြင့် မဂ္ဂင်ရှစ်ပါး အပြည့် အစုံ ညွှန်ပြထားတော် မူ၏၊ ထို မဂ္ဂင်ရှစ်ပါး၏ ရှင်းလင်း ပြတ်သားစွာ မိမိစိတ်အစဉ်မှာ တည်ရှိလာခြင်းသည်ပင် သောတာပန် သက[illegible] ဂါမိ အနာဂါမိ ရဟန္တာ ဖြစ်ခြင်း မည်၏၊ ထိုရဟန္တာ အဖြစ် ရောက်[illegible] သည့်အခါ ထိုတဏှာသည် လုံးဝ ပြတ်တောက်သွားပြီ ဖြစ်၍ ယခုအခါ [illegible] အမျိုးမျိုး တွေးဆနေကြရသော နိဗ္ဗာန်ဆိုသော တရား ထူးကို မိမိဉ[illegible]ဏ်ဖြင့်ပင် အထင်အရှား တွေ့မြင်ကြရပါလိမ့်မည်။

အို[illegible] ယူတော်ကောင်းတို့.... ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းသည် သမု ဒ[illegible] သစ္စာခေါ် တဏှာလောဘ ဖြစ်သကဲ့သို့, ဒုက္ခအားလုံး ကုန်ဆုံး ငြိမ်းရာ နိရောဓသစ္စာခေါ် နိဗ္ဗာနဓာတ် ထင်ပေါ်လာကြောင်းသည် မဂ္ဂသစ္စာ သညာခေါ်တွင် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ရကား ထိုမဂ္ဂင်ရှစ်ပါးကို မိမိစိတ် အစဉ်မှာ အနုအရင့် အဆင့်ဆင့် တိုးပွားလာအောင် သတိ တရား အံမြဲထား၍ ကြိုးစားကြပါလော့။

အရှင် ဇနကာဘိဝံသ
၁၉-၁၀-၃၁၁

